# တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး

## ဒုတိယနေ့အစီအစဉ်

## ၇-၈-၂၀၂၆ (သောကြာနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဦးမြတ်ကို၊ ခန္တီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ် (၁)၏**

(၁) ''ခန္တီးမြို့နယ်၊ လိုက်ခေါ်အောက်ကျေးရွာ-လိုက်ခေါ်ရွာသစ်ကျေးရွာ-လိုက်ခေါ် ရွာဟောင်းကျေးရွာ-ဆားလင်ကျေးရွာ (၂၃)မိုင်အား ကျေးရွာချင်းဆက် ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်း သည့်မေးခွန်း။

(၂) ''ခန္တီးမြို့နယ်၊ ထန်ပုံးကျေးရွာ-ဟင်ဒူနောက်ကုန်း ကျေးရွာချင်းဆက်လမ်း (၈)မိုင်အား မြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလို ပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဦးအောင်နိုင်သူ၊ ခန္တီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ် (၂)၏**

(၁) ''ခန္တီးမြို့၊ ရပ်ကွက်များရှိ လူနေအိမ်ဝိုင်းများအား မြေငှားဂရန်ရရှိရေး အထူးကိစ္စရပ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိ လိုပါကြောင်း''စပ်လျဉ်းသည့်မေးခွန်း။

(၂) ''ခန္တီးမြို့နယ်၊ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းတွင် တည်ရှိသည့် လိုက်တိုင်-တန်ရိုး-ဆားလင် ကျေးရွာချင်းဆက်လမ်း(၃၀)မိုင်အား မြေသားလမ်းအဖြစ် အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်များတွင် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိ လိုပါကြောင်း''စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ကလေးမြို့၊ အမှတ်(၂)အထက်တန်းကျောင်းတွင် အလယ်တန်း/အထက်တန်းအဆင့်သာရှိပြီး မူလတန်းအဆင့် မရှိသေးသဖြင့် တိုးချဲ့ဖွင့်လှစ်ပေးပါရန်နှင့် လိုအပ်သော ဆရာ/ဆရာမများ၊ ကျောင်းသုံးပစ္စည်းများအား ထောက်ပံ့ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဒေါ်ထားယုခိုင်၊ ဝက်လက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''စစ်ကိုင်းခရိုင်/မြို့နယ်တို့အတွက် လိုအပ်သည့် အားကစားပစ္စည်းများ တိုင်းဒေသကြီးအစိုးရမှ ထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(င) **ဦးတင်ဝင်း၊ အရာတော်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏**

(၁) ''စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျောင်းပြင်ပ ပညာရေးပိုမိုအောင်မြင်စေရေးအတွက် ရပ်ကွက်အရောက် သင်ကြားရေးစင်တာများ တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(၂) ''အရာတော်မြို့နယ်၊ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် လိုအပ်နေသည့် ကျောင်းဆောင်သစ်တစ်ဆောင်ကို ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

၆။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့်လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၏ “လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ”အား လွှတ်တော်သို့ တင်သွင်းခြင်း။

၇။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့်လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၏ “လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ” နှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထား ရယူ၍ မှတ်တမ်းတင်ကြောင်း ကြေညာခြင်း။

၈။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းအား လွှတ်တော်သို့ တင်ပြခြင်း။

၉။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၊ အထူးကိစ္စရပ်များလေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၀။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ခေတ္တရပ်နားခြင်း။

၁၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ပြန်လည် နေရာယူခြင်း။

၁၂။ ဦးမင်းမင်းဇေယျာမြင့်၊ စစ်ကိုင်းမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ **"စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ရွှေဘိုခရိုင်၊ ရေဦးခရိုင်၊ ကန့်ဘလူခရိုင်တို့ရှိ မြို့နယ်အချို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မူးမြစ်ရေကြီးရေလျှံမှုဖြစ်ကာ ကျေးရွာအချို့ ရေကြီးရေလွှမ်းမိုးနေမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရေဘေးအန္တရာယ်ကာကွယ်တားဆီးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန် စီမံဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် အောက်ပါတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၆)ဦးမှ ထောက်ခံဆွေးနွေးခြင်း-

(က) ဦးသက်ကိုကိုကျော်၊ ကန့်ဘလူမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(ခ) ဦးကျော်စိုးဦး၊ ခင်ဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(ဂ) ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(ဃ) ဦးသော်နိုင်ဦး၊ တန့်ဆည်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(င) ဒေါ်ထားယုခိုင်၊ ဝက်လက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(စ) ဦးတင်ဝင်း၊ အရာတော်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

၁၃။ အဆိုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အဖွဲ့အစည်းဝင် ဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခြင်း။

၁၄။ ဦးမင်းမင်းဇေယျာမြင့်၊ စစ်ကိုင်းမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ တင်သွင်းသည့် တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်က အတည်ပြုကြောင်း ကြေညာခြင်း။

၁၅။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။